# ပဋိပက္ခကာလအတွင်း အရပ်သားနေအိမ်များ မီးရှို့ဖျက်ဆီးခံရမှု အခြေအနေ


Data for Myanmar

**အစီရင်ခံစာ အမှတ်စဉ် (၈) | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ**

ယခုအစီရင်ခံစာမှာ ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့ကနေ ၂၀၂၄ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အချက်အလက်တွေပါဝင်ပြီး လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့တွေနဲ့ ပြည်တွင်းပြည်ပက မူဝါဒချမှတ်သူတွေအတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။

## အရေးကြီး အချက်များ

- စစ်အာဏာသိမ်း သုံးနှစ်ကျော် ကာလအတွင်း မီးရှို့ဖျက်ဆီးမှုတွေကြောင့် အရပ်သား နေအိမ်ပေါင်း ၁၀၆,၄၀၉ လုံး ပျက်စီး ဆုံးရှုံးခဲ့ရပါတယ်။
- စစ်အာဏာသိမ်း သုံးနှစ်ကျော် ကာလအတွင်း စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် အရပ်သား နေအိမ်ပေါင်း ၁၀၂,၅၆၉ လုံးပျက်စီး ဆုံးရှုံးခဲ့ရပါတယ်။
- ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မန္တလေးတိုင်း၊ ချင်းပြည်နဲ့ ရှမ်းပြည် တောင်ပိုင်းက အရပ်သား နေအိမ်ပေါင်း ၉၃၈ လုံး မီးရှို့ ဖျက်ဆီးခံခဲ့ရပါတယ်။
- ၂၀၂၄ ခုနှစ်၊ ဩဂုတ်လနဲ့ စက်တင်ဘာလအတွင်း ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေအတွင်း စစ်ကိုင်းတိုင်း အင်းတော်မြို့ပေါ် ရပ်ကွက်တွေက နေအိမ်ပေါင်း ၃၀၀ ကျော် ပျက်စီး ဆုံးရှုံးနိုင်ပါတယ်။
- ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ထဲက ဆိုင်းတောင်ရွာမှာ နှစ်ဖက် တိုက်ပွဲ ဖြစ်စဉ်တွေအတွင်း နေအိမ်ပေါင်း ၃၀၀ ကျော် မီးရှို့ ဖျက်ဆီးခံရပါတယ်။




- ၂၀၂၄ စက်တင်ဘာလအတွင်း စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ် မြောက်ပိုင်းက ရွာပေါင်း ၁၅ ရွာမှာ မီးရှို့ဖျက်ဆီးမှုတွေကြောင့် နေအိမ်ပေါင်း ရာနဲ့ချီ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။ တစ်ရွာချင်းစီရဲ့ ပျက်စီးဆုံးရှုံးမှု နေအိမ်အရေအတွက်ကို အသေးစိတ်မသိရသေးပါဘူး။

## အဓိက ကိန်းဂဏန်းများ

| ၁၀၆,၄၀၉ | ၁၀၂,၅၉၆ | ၉၃၈ | ၆၉% |
|---|---|---|---|
| အာဏာသိမ်းကာလအတွင်း မီးရှို့ဖျက်ဆီးခံရသည့် နေအိမ်စုစုပေါင်း | စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းများက မီးရှို့ဖျက်ဆီးခဲ့သည့်နေအိမ်ပေါင်း | ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မီးရှို့ဖျက်ဆီးခံရသည့်နေအိမ်ပေါင်း | စစ်ကိုင်းတိုင်းက တစ်နိုင်ငံလုံး မီးရှို့ဖျက်ဆီးခံရသည့် နေအိမ်စုစုပေါင်း၏ ရာခိုင်နှုန်း |

## အချက်အလက် အနှစ်ချုပ်


၂၀၂၄ ခုနှစ်၊ စက်တင်ဘာလကုန်အထိ **Data for Myanmar** က ကောက်ယူစုစည်းထားတဲ့ အချက်အလက်တွေအရ စစ်အာဏာသိမ်း သုံးနှစ်ကျော်ကာလအတွင်း မီးရှို့ဖျက်ဆီးမှုကြောင့် အရပ်သား ပြည်သူ နေအိမ်ပေါင်း ၁၀၆,၄၀၉ လုံး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ကျူးလွန်တဲ့ အဖွဲ့အစည်းအလိုက်ကြည့်မယ်ဆိုရင် စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် အရပ်သား ပြည်သူ နေအိမ်ပေါင်း ၁၀၂,၅၆၉ လုံးပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ရခိုင်ပြည်၊ ဘူးသီးတောင်မြို့နယ်ထဲမှာ မေလအတွင်း မီးရှို့ဖျက်ဆီးခံရတဲ့ အရပ်သား ပြည်သူ နေအိမ်ပေါင်း ၃,၈၄၀ အတွက် ကျူးလွန်တဲ့အဖွဲ့အစည်းတွေကို အတည်မပြုနိုင်သေးပါဘူး။

ပြည်နယ်နဲ့တိုင်းအလိုက်ကြည့်မယ်ဆိုရင် စစ်ကိုင်းတိုင်းက နေအိမ်ပေါင်း ၇၃,၈၇၄ လုံး ဆုံးရှုံးခဲ့ရလို့ တစ်နိုင်ငံလုံး မီးရှို့ဖျက်ဆီး ခံရတဲ့ အရပ်သားနေအိမ်စုစုပေါင်းရဲ့ ၆၉ ရာခိုင်နှုန်းကျော်ရှိပါတယ်။ ဒါ့အပြင် မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်ပြည်၊ ချင်းပြည်နဲ့ တနင်္သာရီတိုင်းတွေမှာလည်း အရပ်သားနေအိမ်ပေါင်း ၂၉,၆၉၆ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။

စစ်အာဏာသိမ်းကာလ သုံးနှစ်ကျော်အတွင်း စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေအကြား စစ်ရေးပြင်းထန်လာခဲ့ပြီး လက်နက်ကိုင်ခုခံတော်လှန်စစ် အားကောင်းတဲ့ နယ်မြေတွေမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေက အရပ်သား နေအိမ်တွေကို မီးရှို့ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် စစ်ကောင်စီစစ်ကြောင်းတွေက မြို့သိမ်းတိုက်ပွဲ ဆင်နွှဲတဲ့ မြို့ရွာဒေသတွေနဲ့ တော်လှန်ရေးအင်အားစုတွေကို ထောက်ခံတဲ့ ကျေးရွာတွေကိုလည်း မီးရှို့ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ စစ်ကြောင်းထိုးမီးရှို့တာအပြင် လက်နက်ကြီး၊ လေကြောင်းနဲ့ စစ်သင်္ဘောတွေက ပစ်ခတ်မှုတွေကြောင့် အရပ်သားနေအိမ်တွေ မီးလောင်ပျက်စီးခဲ့ရပါတယ်။

စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် ၂၀၂၁ ခုနှစ်မှာ အရပ်သားနေအိမ် ၂,၁၁၁ လုံး၊ ၂၀၂၂ ခုနှစ်မှာ ၄၆,၈၅၆ လုံး၊ ၂၀၂၃ ခုနှစ်မှာ ၃၁,၆၃၃ လုံးနဲ့ ၂၀၂၄ ခုနှစ်(စက်တင်ဘာလကုန်အထိ)မှာ ၂၅,၈၀၉ လုံး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ လအလိုက် မီးရှို့ဖျက်ဆီးခံရမှုအခြေအနေကို ကြည့်ရင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှာ အများဆုံးဖြစ်ခဲ့ပြီး နေအိမ် ၁၀,၅၆၂ လုံး ဆုံးရှုံးခဲ့ရပါတယ်။

**လအလိုက် မီးရှို့ဖျက်ဆီးခံရတဲ့ နေအိမ်အရေအတွက်**





Source: Data for Myanmar (D4M) • Created with Datawrapper


၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကို ပြန်ကြည့်ရင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလနဲ့ မေလတွေမှာ မီးရှို့ဖျက်ဆီးမှုတွေများခဲ့ပြီး နေအိမ် ၂၁,၁၀၁ လုံး ဆုံးရှုံးခဲ့ပါတယ်။ အဲဒီအထဲက အများစုက စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်နဲ့ မကွေးတိုင်းတွေမှာပါ။ ၂၀၂၄ ခုနှစ်၊ ဧပြီလနဲ့ မေလအတွင်း ရခိုင်ပြည်၊ ဘူးသီးတောင်မြို့နယ်မှာ စစ်ရေးပြင်းထန်ခဲ့လို့ အရပ်သားနေအိမ် ၅,၇၀၀ ကျော် မီးရှို့ဖျက်ဆီးခံရနိုင်ပါတယ်။

## စက်တင်ဘာလအတွင်း အရေးကြီးဖြစ်ရပ်များ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် အရပ်သား နေအိမ်ပေါင်း ၉၃၈ လုံး ဆုံးရှုံးခဲ့ရပါတယ်။ စစ်ကိုင်းတိုင်းမှာ နေအိမ် ၄၇၄ လုံး၊ ကချင်ပြည်နယ်မှာ ၃၆၅ လုံး၊ တနင်္သာရီတိုင်းမှာ ၅၀ လုံး၊ ချင်းပြည်မှာ ၂၁ လုံး၊ မန္တလေးတိုင်းမှာ ၁၈ လုံးနဲ့ ရှမ်းပြည်(တောင်ပိုင်း) မှာ ၁၀ လုံးဖြစ်ပါတယ်။



**စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်** – ၂၀၂၄ ဩဂုတ်လ ၃၁ ရက်နေ့က ခင်ဦးမြို့နယ် မြောက်ပိုင်းက မဒေါင်းလှ ပျူစောထီးရွာကို ဒေသခံတော်လှန်ရေးအဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီနောက် စစ်ကောင်စီစစ်ကြောင်းတွေ ဝင်ရောက်လာပြီး စက်တင်ဘာလ ၂ ရက်နေ ၁၅ ရက်အတွင်း မဒေါင်းလှကျေးရွာ ဝန်းကျင်က ငကြိုင်း၊ အင်ကြင်းပင်၊ တဲကြီး၊ ဖန်းခါးကုန်း၊ စောကြီး၊ ပေါက်တော၊ ဆီဆုံလေး၊ နဲ့တွင်း၊ မဒေါင်းကြီး၊ ရွှေကာ၊ ပေါက်သင့်တုံ၊ ဂျပို့၊ စည်ပုတ္တရာ စတဲ့ ကျေးရွာတွေကို မီးရှို့ဖျက်ဆီးတာကြောင့် နေအိမ် ၅၀၀ ကျော် ပျက်စီးခဲ့တယ်လို့ ဒေသခံ သတင်းရင်းမြစ်တွေမှာ ဖော်ပြပါတယ်။[1] Data for Myanmar က ကနဦး လေ့လာဆန်းစစ်ချက်တွေကအရ ခင်ဦးမြို့နယ် မြောက်ပိုင်းက ကျေးရွာတွေမှာ မီးရှို့ဖျက်ဆီးမှုတွေကြောင့် နေအိမ်ပျက်စီးမှု များပြားခဲ့တာတွေ့ရပြီး တချို့ရွာတွေရဲ့ ပျက်စီးဆုံးရှုံးအခြေအနေကိုတော့ အသေးစိတ်မသိရသေးပါဘူး။ Data for Myanmar အနေနဲ့ တရွာချင်းစီရဲ့ ပျက်စီးဆုံးရှုံးမှု အရေအတွက်ကို အတည်ပြုနိုင်သလောက်သာ ဒေတာရေးသွင်းထားပါတယ်။




စက်တင်ဘာလ ၁၀ ရက်နေ့ တရက်တည်းမှာ စစ်ကောင်စီ တပ်ဖွဲ့တွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် ပေါက်သင့်တုံ၊ ဂျပို့နဲ့ စည်ပုတ္တရာရွာတွေမှာ အိမ်ခြေ ၂၀၀ လောက် ပျက်စီးနိုင်တယ်လို့ ဆိုပါတယ်။[2] အဲဒီအထဲမှာ ပေါက်သင့်တုံရွာက အိမ်ခြေ တ၀က်လောက် မီးရှို့ခံရပြီး ဂျပို့ရွာမှာလည်း အိမ်ခြေ ၅၀ လောက် မီးလောင်ပျက်စီးနိုင်ကြောင်း Sentinel Hub က တွေ့မြင်ရတဲ့ ဂြိုလ်တု ဓါတ်ပုံတွေအရ အတည်ပြုနိုင်ပါတယ်။ စည်ပုတ္တရာရွာမှာလည်း နေအိမ်ပျက်စီးမှုအချို့ ရှိနိုင်ပြီး အရေအတွက် အတိအကျကိုတော့ မသိနိုင်သေးပါဘူး။





မဒေါင်းလှ ကျေးရွာအနီးက ငကြိုင်းရွာမှာလည်း နေအိမ် မီးလောင်ပျက်စီးမှုတွေရှိခဲ့ပြီး အိမ်ခြေ ၃၀ ခန့် မီးလောင် ပျက်စီးနိုင်ကြောင်း Sentinel Hub က တွေ့မြင်ရတဲ့ ဂြိုလ်တု ဓါတ်ပုံတွေအရ အတည်ပြုနိုင်ပါတယ်။ မဒေါင်းကြီးနဲ့ ရွှေကာ ကျေးရွာတွေကတော့ ၂၀၂၂ နိုဝင်ဘာလထဲမှာ မီးရှို့ဖျက်ဆီး ခံရလို့ နေအိမ်အများစု မီးလောင်ပျက်စီးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအကြိမ် မီးရှို့ဖျက်ဆီးမှုကြောင့် နောက်ထပ် နေအိမ် ဘယ်နှလုံး ပျက်စီးသွားတယ်ဆိုတာတော့ အတည်မပြုနိုင်ပါဘူး။

[1] ခင်ဦးမြို့နယ် သတင်းမှန်ပြန်ကြားရေး, 19 September 2024

[2] VOA Burmese, 11 September 2024

ဒါ့အပြင် သနပ်စိန်နဲ့ စောကြီး ကျေးရွာတွေမှာလည်း ၂၀၂၂ နိုဝင်ဘာလအတွင်း စစ်ကောင်စီတပ်ဖွဲ့တွေရဲ့ မီးရှို့ဖျက်စီးမှုကြောင့် နေအိမ်အများစု မီးလောင်ပျက်စီးခဲ့ပြီး ယခု ဒုတိယအကြိမ် မီးရှို့ဖျက်ဆီးခံရမှုကြောင့် နေအိမ် ဘယ်နှလုံး ဆုံးရှုံးခဲ့ရလဲဆိုတာတော့ မသိနိုင်သေးပါဘူး။





စက်တင်ဘာလ ၁၇ ရက်နေ့မှာ မဒေါင်းလှ ပျူစောထီးရွာက ပြည်သူ့စစ်အဖွဲ့ဝင်တွေနဲ့ မိသားစုတွေကို ကန့်ဘလူ မြို့နယ်ထဲက စစ်တပ်ပိုင် သကြားစက်ကို ခေါ်ဆောင်ပြီး ဆုတ်ခွာသွားတာကြောင့် စက်တင်ဘာလ ၁၈ ရက်နေ့မှာ ဒေသခံ တော်လှန်ရေး အဖွဲ့တွေက ကျေးရွာအတွင်း ဝင်ရောက်ရှင်းလင်းခဲ့ပါတယ်။ ပျူစောထီးအဖွဲ့ဝင်တွေ မဒေါင်းလှ ကျေးရွာထဲကနေ မဆုတ်ခွာမီ နေအိမ်တွေ မီးရှို့ ဖျက်ဆီခဲ့တာကြောင့် မီးလောင်ပျက်စီးမှုတွေ ရှိခဲ့ကြောင်း ဒေသခံရင်းမြစ်တွေကဆိုပါတယ်။[3] ပျူစောထီးအဖွဲ့တွေ မဆုတ်ခွာမီ စက်တင်ဘာလ ၁၆ ရက်နေ့မှာ ရိုက်ကူးထားတဲ့ Sentinel Hub က တွေ့မြင်ရတဲ့ ဂြိုလ်တု ဓါတ်ပုံတွေအရ မဒေါင်းလှကျေးရွာမှာ နေအိမ်အများစု မီးလောင်ပျက်စီးမှုတွေ ရှိခဲ့ကြောင်း အတည်ပြုနိုင်ပါတယ်။ Data for Myanmar က ဆက်သွယ်မေးမြန်းတဲ့ ဒေသခံရင်းမြစ်အချို့ကတော့ ဒေသခံတော်လှန်ရေး အဖွဲ့တွေ ဝင်ရောက် ရှင်းလင်းစဉ် ကျေးရွာ အတွင်းက ကျန်ရှိတဲ့ နေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့တာတွေလည်း ရှိခဲ့တယ်လို့ သိရပါတယ်။




**ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်** – စက်တင်ဘာလ ၇ ရက်နေ့က ဖားကန့်မြို့နယ်ထဲက ဆိုင်းတောင်ရွာမှာ စစ်ကောင်စီ တပ်ဖွဲ့တွေနဲ့ KIA/မဟာမိတ်တပ်တွေအကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စက်တင်ဘာလ ၁၂ ရက်နေ့မှာ KIA/မဟာမိတ်တပ်တွေက ဆိုင်းတောင်ရဲစခန်းကို သိမ်းပိုက်ခဲ့ပါတယ်။[4] အဲဒီနောက် စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ ရှမ်းနီ SNA ပူးပေါင်းအဖွဲ့တွေဟာ ဆိုင်းတောင် Lucky Men Hotel မှာ ဝင်ရောက် နေရာယူခဲ့ပြီး ဟိုတယ်ရဲ့ နောက်ဖက်ခြမ်းမှာ ရှိတဲ့ ဆိုင်းတောင် ၄ ရပ်ကွက်အတွင်းက နေအိမ်တွေကို မီးရှို့ဖျက်ဆီးလို့ နေအိမ် ၄၀၀ ခန့် မီးလောင် ပျက်စီးခဲ့ပါတယ်။[5] အောက်တိုဘာလ ၂၆ ရက်နေ့က ရိုက်ကူးထားတဲ့ ဂြိုလ်တု ဓါတ်ပုံတွေအရ ဆိုင်းတောင်ရွာက နေအိမ် ၃၆၀ ကျော် မီးလောင်ပျက်စီးနိုင်ကြောင်း အတည်ပြုနိုင်ပါတယ်။

---

[3] Myanmar Now, 19 September 2024
[4] Voice of Myanmar, 12 September 2024
[5] Kachin News Group, 17 September 2024




**စစ်ကိုင်းတိုင်း၊ အင်းတော်မြို့နယ်** – ဩဂုတ်လ ၁၆ ရက်နေ့ကစပြီး စစ်ကိုင်းတိုင်းထဲက အင်းတော်မြို့ကို KIA, ABSDF နဲ့ PDF ပူးပေါင်းတပ်တွေ စတင်တိုက်ခိုက်ခဲ့လို့ တိုက်ပွဲတွေပြင်းထန်ခဲ့ပါတယ်။ စစ်ကောင်စီဖက်က လေကြောင်းတိုက်ခိုက်မှုတွေရှိခဲ့ပြီး တိုက်ပွဲကြောင့် ဒေသခံနှစ်သောင်းကျော် နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရပါတယ်။[6] ဩဂုတ်လ ၁၆ ရက်၊ ၂၈ ရက်၊ ၃၀ ရက်နဲ့ ၃၁ ရက်တွေမှာ အင်းတော် မြို့လယ်လမ်းဆုံအနီးမှာ မီးလောင်မှုတွေရှိခဲ့ပြီး၊ စက်တင်ဘာလ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ မြို့ပေါ်ရပ်ကွက် နေရာအတော်များများမှာ မီးလောင်မှုတွေရှိခဲ့ကြောင်း NASA ရဲ့ FIRMS စနစ်ကနေ တွေ့မြင်ရပါတယ်။ နိုဝင်ဘာလ ၂၂ ရက်နေ့က Airbus က ရိုက်ကူးထားတဲ့ ဂြိုလ်တုဓါတ်ပုံအရ အင်တော်မြို့မဈေးအပါအဝင် မြို့ပေါ်ရပ်ကွက် နေရာအတော်တော်များများမှာ မီးလောင်ပျက်စီးခဲ့ပြီး နေအိမ်ပေါင်း ၃၀၀ ကျော် ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

**တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်နဲ့ ပုလောမြို့နယ်** – ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း တနင်္သာရီတိုင်း၊ လောင်းလုံးမြို့နယ်ထဲက ပြင်ကြီး၊ သဘော့ဆိပ်နဲ့ ကျောက်နီမော်ကျေးရွာတွေက နေအိမ် ၇ လုံးနဲ့ ပုလောမြို့နယ်ထဲက ငါးမိုင်ရွာ၊ ရှပ်ပုံနဲ့ မီးလောင်အော်ရွာတွေက နေအိမ် ၄၃ လုံး မီးရှို့ဖျက်ဆီးခံရကြောင်း ဒေသတွင်း မီဒီယာတွေမှာဖော်ပြပါတယ်။

---

[6] RFA Burmese, 2 November 2024

## သုံးသပ်ချက်

၂၀၂၄ ခုနှစ်အတွင်း စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေအကြား စစ်ရေး ဆက်လက်ပြင်းထန်နေပြီး လက်နက်ကိုင်ခုခံတော်လှန်စစ် အားကောင်းတဲ့ နယ်မြေတွေမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေက အရပ်သားနေအိမ်တွေကို မီးရှို့ဖျက်ဆီးတာတွေ ဆက်လက် လုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကောင်စီစစ်ကြောင်းတွေက မြို့သိမ်းတိုက်ပွဲ ဆင်နွှဲတဲ့ မြို့ရွာဒေသတွေနဲ့ တော်လှန်ရေးအင်အားစုတွေကို ထောက်ခံတဲ့ ကျေးရွာတွေကိုလည်း မီးရှို့ဖျက်ဆီးတာတွေ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပါတယ်။

ယခုနှစ်အတွင်း မီးရှို့ဖျက်ဆီးခံရမှုများပြီး အိမ်ခြေ ၁၀၀၀ နဲ့ ၅၀၀၀ ကြား ပျက်စီးဆုံးရှုံးခဲ့ရတဲ့ မြို့နယ်တွေကတော့ ကောလင်း၊ ကလေး၊ ဘူးသီးတောင်၊ မြင်းခြံနဲ့ မုံရွာမြို့နယ်တွေ ဖြစ်ပါတယ်။ အိမ်ခြေ ၃၀၀ နဲ့ ၁၀၀၀ ကြား ပျက်စီးဆုံးရှုံးခဲ့ရတဲ့ မြို့နယ်တွေကတော့ န္တားထိုးကြီး၊ ကန့်ဘလူ၊ မတ္တရာ၊ ပခုက္ကူ၊ ဂန့်ဂေါနဲ့ တန့်ဆည်မြို့နယ်တွေဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်ထဲမှာတော့ မီးရှို့ဖျက်ဆီးမှုတွေ ပုံမှန်အားဖြင့် များလေ့ရှိတဲ့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့ ချင်းပြည်အပြင် ရခိုင်ပြည်မှာလည်း မီးရှို့ဖျက်ဆီးမှုတွေ မြင့်တက်လာခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်၊ မေလနဲ့ ဧပြီလအတွင်း ရခိုင်ပြည် ဘူးသီးတောင်မြို့နယ်ထဲက တိုက်ပွဲတွေအတွင်း မြို့ပေါ်ရပ်ကွက် ၇ ခုနဲ့ ကျေးရွာပေါင်း ၃၆ ရွာမှာ မီးရှို့ဖျက်ဆီးမှုတွေရှိခဲ့ပြီး နေအိမ်ပေါင်း ၅,၇၀၀ ကျော် ပျက်စီးဆုံးရှုံးနိုင်ပါတယ်။ ၂၀၂၄ ခုနှစ်တွင်း တိုက်ပွဲဖြစ်စဉ်တွေထဲမှာ တော်လှန်းရေးအင်အားစုတွေက မကွေးတိုင်းနဲ့ မန္တလေးတိုင်းထဲက ပြည်သူ့စစ်/ပျူစောထီး ကျေးရွာအချို့ကို စီးနင်းတိုက်ခိုက်ပြီး အရပ်သားနေအိမ်တွေ မီးရှို့ဖျက်ဆီးခဲ့ကြောင်း တော်လှန်းရေးအင်အားစုတွေရဲ့ ထုတ်ပြန်ချက်တွေမှာ တွေ့လာရပါတယ်။

နေအိမ်မီးရှို့ဖျက်ဆီးခံမှုကြောင့် ဒေသခံ ပြည်သူတွေရဲ့ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာတွေမှာ ကြီးမားစွာထိခိုက်ခံစားခဲ့ကြရပါတယ်။ မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာအချို့မှာ နေရပ်မပြန်နိုင်သေးဘဲ တိမ်းရှောင်နေရဆဲဖြစ်ပါတယ်။ နေရပ်စွန့်ခွါထွက်ပြေးရလို့ စားဝတ်နေရေးအခက်အခဲတွေအပြင် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိဘဲ နေထိုင်ကြရသူတွေလည်း အများအပြားရှိနေဆဲဖြစ်ပါတယ်။ ဒေသခံ လူမှုကူညီရေးအဖွဲ့အစည်းတွေရဲ့ ပံ့ပိုးမှုနဲ့ ယာယီအမိုးအကာနဲ့ စားနပ်ရိက္ခာ အထောက်အပံ့အချို့ရရှိကြောင်း သိရပါတယ်။ ဒါပေမယ့် လုံလောက်တဲ့ အကူအညီတော့ မရကြပါဘူး။

လက်နက်ကိုင်မဟုတ်တဲ့ အရပ်သားတွေပိုင်ဆိုင်တဲ့ အရပ်သားနေအိမ်တွေကို မီးရှို့ဖျက်ဆီးလို့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းသွားမှာ မဟုတ်ဘဲ ပြည်တွင်းစစ်မီးသာ ပိုတောက်လောင်လာမှာဖြစ်ပါတယ်။ အိုးအိမ်ဆုံးရှုံးခဲ့ရတဲ့ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ ပြည်သူများအနေနဲ့ အခုလက်ရှိ လူမှုစီးပွားဒုက္ခတွေအပြင် စိတ်ဒါဏ်တွေ ကုစားနိုင်ဖို့ နှစ်များစွာ ကြာမြင့်နိုင်ပါတယ်။ ဒါ့အပြင် ယဉ်ကျေးမှုနဲ့ သမိုင်းဆိုင်ရာ အမွေအနှစ်တွေ၊ မှတ်တမ်းမှတ်ရာတွေလည်း များစွာ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။ အရပ်သားနေအိမ်တွေ မီးရှို့ဖျက်ဆီးတဲ့အတွက် ပဋိပက္ခအလွန် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ရှာဖွေတဲ့အခါ အရင်းအမြစ်တွေ များစွာ ကုန်ကျနိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပြည်သူတွေ ထောက်ခံပါဝင်လာဖို့ အဟန့်အတား ဖြစ်စေနိုင်ပါတယ်။

## အကြံပြုချက်များ

- လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အရပ်သားများနဲ့ အရပ်သားနေအိမ်များကို ပစ်မှတ်ထား တိုက်ခိုက်တာ၊ မီးရှို့ဖျက်ဆီးတာတွေ အမြန်ဆုံးရပ်တန့်ရပါမယ်။
- လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အရပ်သားထိခိုက်မှုအနည်းဆုံးဖြစ်အောင် စစ်ရေးကျင့်ဝတ်တွေကို အတတ်နိုင်ဆုံး လိုက်နာသင့်ပါတယ်။
- နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ အရပ်သားများနဲ့ အရပ်သားနေအိမ်များကို ပစ်မှတ်ထား တိုက်ခိုက်တာ၊ မီးရှို့ဖျက်ဆီးတာတွေ အမြန်ဆုံးရပ်တန့်ဖို့ ဖိအားပေးတိုက်တွန်းသင့်ပါတယ်။
- လူသားချင်းစာနာမှုအဖွဲ့အစည်းများအနေနဲ့ စစ်ဘေးရှောင် ပြည်သူတွေကို ဒေသခံလူမှုကူညီရေးအဖွဲ့များနဲ့ ချိတ်ဆက်ပြီး လုံလောက်တဲ့ လူသားချင်းစာနာမှုအကူညီများ ထောက်ပံ့ပေးသင့်ပါတယ်။
- သတင်းမီဒီယာများအနေနဲ့ ဒေသခံ သတင်းရင်းမြစ်တွေကို မေးမြန်းတဲ့အခါ မီးရှို့ဖျက်ဆီးခံရတဲ့ နေအိမ် အရေအတွက်ကို ကျေးရွာအလိုက် နေ့ရက်အလိုက်ရရှိအောင် အတတ်နိုင်ဆုံး ခွဲခြား ကောက်ယူသင့်ပါတယ်။
- ပြည်သူများအနေနဲ့ မီးရှို့ခံရတဲ့ ကျေးရွာများအတွင်း ပြန်လည်ဝင်ရောက်တဲ့အခါ မိုင်းအန္တရာယ်အပါဝင် မပေါက်ကွဲသေးတဲ့ စစ်ကျန်ပစ္စည်းတွေနဲ့ ပတ်သက်လို့ ဘေးကင်းလုံခြုံရေးအတွက် စိတ်ချရမှ ပြန်လည် ဝင်ရောက်သင့်ပါတယ်။

## အချက်အလက်ကောက်ယူတဲ့ နည်းစနစ်နဲ့ ကန့်သတ်ချက်များ

ပြည်တွင်းမီဒီယာတွေနဲ့ ဒေသခံအဖွဲ့အစည်းတွေကနေ ရရှိတဲ့ အချက်အလက်တွေကို ရက်အလိုက်၊ ဖြစ်စဉ်အလိုက် ရေးသွင်းပါတယ်။ အဲဒီနောက် NASA FIRMS မီးလောင်မှုအချက်ပြစနစ်က အချက်အလက်များ၊ Google Earth နဲ့ အခြားရင်းမြစ်များကနေ ရရှိတဲ့ ဂြိုလ်တုဓါတ်ပုံတွေကို အသုံးပြုပြီး ပြန်လည် တိုက်ဆိုင်စစ်ဆေးထားပါတယ်။ ဒါ့အပြင် ယုံကြည်ရတဲ့ မြေပြင်သတင်းရင်းမြစ်တွေကနေလည်း တိုက်ဆိုင်စစ်ဆေးတာတွေ လုပ်ဆောင်ပါတယ်။

ယေဘုယျအားဖြင့် ယခုဖော်ပြထားတဲ့ ကိန်းဂဏန်းတွေက မြေပြင်ထက် နည်းနေမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခက်အခဲအမျိုးမျိုးကြောင့် အတည်မပြုနိုင်သေးတဲ့ ဖြစ်စဉ်တွေနဲ့ အချက်အလက် မပြည့်စုံတဲ့ ဖြစ်စဉ်တွေကို ထည့်သွင်းရေတွက်ခြင်းမပြုနိုင်သေးဘဲ ချန်ထားခဲ့ရလို့ ဖြစ်ပါတယ်။ အတည်ပြုနိုင်တဲ့ အထောက်အထားတွေရရှိတဲ့အခါ အဲဒီ ဖြစ်စဉ်တွေကိုလည်း ဆက်လက်ထည့်သွင်းရေတွက်သွားမှာ ဖြစ်ပါတယ်။ အတည်ပြုနိုင်တဲ့ အပေါ်မူတည်ပြီး မြို့နယ်အလိုက်၊ လအလိုက် ကိန်းဂဏန်းတချို့ အပြောင်းအလဲဖြစ်နိုင်တာကြောင့် နောက်ဆုံးကိန်းဂဏန်းတွေကို နောင်ထုတ်ပြန်မယ့် အစီရင်ခံစာတွေမှာ ကြည့်ရှုဖို့ တိုက်တွန်းပါတယ်။

အထူးသဖြင့် ကရင်နီပြည်နဲ့ ကချင်ပြည်နယ်အတွင်းမှ အချို့ဖြစ်စဉ်များကို လတ်တလော ထည့်သွင်းရေတွက်နိုင်ခြင်း မရှိသေးပါဘူး။

ယခု အစီရင်ခံစာမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းများက ကျူးလွန်ခဲ့တဲ့ မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်တွေသာပါဝင်ပြီး အခြားလက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်တဲ့ ဖြစ်စဉ်တွေ ပါဝင်ခြင်းမရှိသေးပါဘူး။ လက်နက်ကြီးနဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီး၊ မီးလောင်မှုများကိုလည်း ထည့်သွင်းရေတွက်မထားပါဘူး။ ယေဘုယျအားဖြင့် နေအိမ်မဟုတ်တဲ့ အခြားအဆောက်အုံတွေကိုလည်း ထည့်သွင်းရေတွက်မထားပါဘူး။

## အဖွဲ့အကြောင်း

Data for Myanmar (D4M) က လွတ်လပ်တဲ့ သုတေသနအဖွဲ့တစ်ခုဖြစ်ပြီး အများပြည်သူတွေအတွက် အကျိုးရှိပြီး သိသင့်တဲ့ အချက်အလက်တွေကို ရင်းမြစ်မျိုးစုံကနေ စုစည်းပြီး လေ့လာဆန်းစစ် တင်ပြနေပါတယ်။

### ဆက်သွယ်ရန်

**Email:** data4myanmar@gmail.com

**Facebook Page:** https://www.facebook.com/data4myanmar